# မြန်မာ့ဒီမိုကရေစီအရေး ဆွေးနွေး

၂၀၀၉ခုနှစ်ဇူလိုင်လ၂၁ရက်။ ။



ယနေ့ညနေ၄နာရီ ဂျပန်နိုင်ငံ တိုကျိုမြို့ ချိယိုဒါ ကု၊ ခန်းဒ-စုရုဂါ့ဒိုက် ၃-၂-၁၁ ဆိုးဟျိုး ကိုက်ခန်း အဆောက်အဦး ၃ထပ် ရင်ဂို အလုပ်သမားများ အဖွဲ့ချုပ်ရုံး ခန်းမတွင် မြန်မာ့ဒီမိုကရေစီအရေး ရှင်းလင်းဆွေးနွေး ပွဲ ပြုလုပ်ခဲ့ပါသည်။ မြန်မာ့ ရေးရာရုံး-ဂျပန် (Burma Office-Japan) မှ တာဝန်ယူ ကျင်းပ



ခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ(NCGUB) ၏ နိုင်ငံခြားရေးဝန်ကြီး ဦးဘိုလှတင့်မှ ဂျပန်လူမျိုးများ နှင့် ဂျပန်နိုင်ငံ ရှိ မြန်မာပြည်သူများကို လက်ရှိ မြန်မာနိုင်ငံရေး အခြေအနေ၊နအဖ စစ်အုပ်စု နှင့်မြောက်ကိုရီး ယားဆက်ဆံရေး၊အမေရိကန်နိုင်ငံ၏ မြန်မာနိုင် ငံဆိုင်ရာနိုင်ငံခြားရေးမူဝါဒနှင့်ကမ္ဘာ့ကုလသမဂ္ဂ ၏ မြန်မာနိုင်ငံဆိုင်ရာမူဝါဒ တို့ကိုရှင်းလင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍

ဂျပန်သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဦးဘိုလှတင့် နှင့် ဒေါက်တာ ဦးမင်းညိုတို့ က ပြန် လည် ဖြေကြားခဲ့သည် များကို Mr Hisao Tanabe(ဦးရွှေဘ)မှ ဘာသာပြန်အဖြစ်ဆောင်ရွက်ပေးခဲ့ ပါသည်။ စစ်အစိုးရ၏ စစ်ရေးဆိုင်ရာထိပ် တန်းလျှို့ဝှက်ချက်များပေါက်ကြားရခြင်းကြောင်းရင်း၊မေမြို့ စစ်တက္ကသိုလ်အနီး အကာမြှုပ်စွမ်းအင် ဆိုင်ရာ သုတေသနလုပ်ဆောင်မှု နှင့် မြောက် ကိုရီးယားနိုင် ငံနှင့်ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍတွင်စစ်ဖက်မှ မည်သည့်အတိုင်းအတာအထိ ဆက်စပ်မှုရှိနေခြင်း စသည့် မေးမြန်းချက် များ ကိုပြန်လည်ဖြေကြားပေးခဲ့ပါသည်။၎င်းပွဲတွင် Mr Masa Yuki Shiota (ရင်ဂိုအလုပ်သမားသမဂ္ဂ) မှ အခန်းအနားမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီရေး စိတ်ဝင် စားသူဂျပန်လူမျိုး များ၊ ဂျပန်သတင်းစာဌာနကိုယ်စားလှယ်များ၊ဂျပန်နိုင်ငံရှိ မြန်မာ့ နိုင်ငံရေး အဖွဲ့ အစည်းအသီးသီး နှင့် တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးတို့မှကိုယ်စားလှယ်များ အင်အား ၄၀ ခန့် တက်ရောက်ခဲ့ပါသည်။ဦးဘိုလှတင့် မှ တက်ရောက်လာသူများအားကျေးဇူးတင်ရှိကြောင်းပြော ကြားခဲ့ပြီး ညနေ ၅နာရီ၂၀တွင် အခန်းအနား ပြီးဆုံးခဲ့ပါ သည်။ သတင်း စိုးအောင်ဖင်း